**The Republic of the Union of Myanmar**

**National Disaster Management Committee (NDMC)**

**Situation Report**

**No (1)**

As of 16 August 2019

## HEADLINES




- Heavy rainfall as a result of Monsoon since 25th June of 2019 triggered widespread flooding and landslides in 12 out of 14 States and Regions, and one union territory.
- Due to massive flooding and landslide, approximately a total of **0.2 million people** were affected while 201133 people from **43759** households were evacuated to **400** evacuation sites in affected areas. The total death tolls were **82** and **49** were injured.

| No | Affected S/R | Dead | Injured | Evacuated | | Evacuation Sites |
|---|---|---|---|---|---|---|
| | | | | HH | PP | |
| 1 | Kachin | 1 | | 5214 | 25451 | 80 |
| 2 | Magway | 2 | 1 | 1065 | 3351 | 15 |
| 3 | Bago | | | 5480 | 26351 | 8 |
| 4 | Mon | 73 | 48 | 9927 | 42354 | 136 |
| 5 | Sagaing | | | 4730 | 21510 | 22 |
| 6 | Chin | | | 342 | 1742 | |
| 7 | Rakhine | | | 1529 | 9632 | 59 |
| 8 | Mandalay | 1 | | 5759 | 24438 | 20 |
| 9 | Kayin | | | 6921 | 33082 | 43 |
| 10 | Ayeyarwaddy | | | 236 | 1050 | 5 |
| 11 | Taninthayi | 5 | | 2359 | 11341 | 11 |
| 12 | Yangon | | | 197 | 831 | 1 |
| | **Total** | **82** | **49** | **43759** | **201133** | **400** |

- Out of 12 flood affected States and Regions, Mon State was the most devastated with **73** deaths, **48** injured, and **42354** people from **9927** households were evacuated to **136** evacuation sites. Significantly, the massive landslide at the Ma Lat mountain in Paung township was the worst in the recent memory of Mon State as it caused **69** deaths and **47** injured.

## SUMMARY







- Since late June, Monsoon low pressure areas in Bay of Bengal triggered torrential rainfalls across the country. Department of Meteorology and Hydrology (DMH) issued the flood warning for the habitats located near the rivers of Ayeyarwaddy, Belin, Laymyo and Chindwin since July 10.
- Due to heavy rainfall, widespread flooding and landslides occurred in 12 States and Regions since late June of 2019. Search and Rescue activities were immediately undertaken by Tatmadaw, Fire Services Department, local government bodies and CSO in affected States and Regions including Ma Lat mountaion landslide area in Paung township.
- Ministry of Social Welfare, Relief and Resettlement (MSWRR) has provided relief items and humanitarian assistances, and Humanitarian partners, CSO and donors have done so. **As of 16th August, the total amount of assistance provided by MSWRR was about 404.6 million Kyats.**
- Moreover, Vice President II, the chairperson of NDMC, Union Minister of MSWRR, the chairperson of National Disaster Management Working Committee (NDMWC) with parties visited Mon State and Bago Region which were severely affected by widespread flooding and massive landslide. The Vice President and parties provided coordination guidance and support for effective emergency response such as rescue fiber boats, and other facilities while meeting with search and rescue teams, local government bodies and also survivals.

## COORDINATION

**13th August** - Rapid Recovery Group for disaster affected regions led by chairperson of NDMWC held the meeting.

**14th August** - NDMC meeting led by chairperson of NDMC was organized.

This situation report was prepared by Ministry of Social Welfare, Relief and Resettlement

These meetings called for collaboration and coordination for effective emergency response and initial recovery








As of 16th August, Department of Disaster Management under the Ministry of Social Welfare, Relief and Resettlement provided the relief items and humanitarian assistances amounted **about 404.6 million Kyats,** and reveiced approximately amount of **105.7 million Kyats (MMK)** donated for the survivals of current flood and landslide.

**Camps** in Chin, Rakhine, Kachin, Ayeyarwaddy, Sagaing and Yangon were closed in current.

**Hotlines 067 3404666/067 3404777** were set up at the Department of Disaster Management under Ministry of Social Welfare, Relief and Resettlement so that the affected people can inform the disaster occurrence and ask for assistance anytime.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အစီရင်ခံစာ အမှတ် (၁)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

## သတင်းခေါင်းစဉ်




• ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှစတင်၍ မုတ်သုန်ရာသီ၏ ပြင်းထန်လှသော မိုးရေချိန်များသည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုနှင့် ပြည်ထောင်စု နယ်မြေတို့အနက် တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုတွင် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။

• ပြင်းထန်လှသောရေကြီးခြင်း၊ မြေပြိုခြင်းများကြောင့် ၀.၂ သန်းသောပြည်သူများ ဘေးဒဏ်ခံစားခဲ့ရပြီး ဘေးကင်းခိုလှုံရာနေရာ ၄၀၀ တွင် အိမ်ထောင်စု **၄၃၇၅၉** စုမှ လူဦးရေ **၂၀၁၃၃၃ ဦး** ပြောင်းရွှေ့နေရာချထားခဲ့ရပါသည်။ ဘေးသင့်ပြည်သူ **၈၂ ဦး** အသက်ဆုံးရှုံးခဲ့ရပြီး **၅၉ ဦး** ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

| စဉ် | ဘေးကြုံဒေသ | သေဆုံး | ဒဏ်ရာရ | ရွှေ့ပြောင်း | | ဘေးလွတ်ရှောင်နေရာ |
|---|---|---|---|---|---|---|
| | | | | အိမ်ထောင်စု | လူဦးရေ | |
| ၁ | ကချင်ပြည်နယ် | ၁ | | ၁၂၇၄ | ၂၇၅၁၁ | ၈၀ |
| ၂ | မကွေးတိုင်းဒေသကြီး | ၂ | ၁ | ၁၀၆၅ | ၃၃၇၁ | ၁၅ |
| ၃ | ပဲခူးတိုင်းဒေသကြီး | | | ၃၃၈၀ | ၂၈၃၇၁ | ၈ |
| ၄ | မွန်ပြည်နယ် | ၇၃ | ၄၈ | ၉၉၂၇ | ၄၂၃၄၅ | ၁၃၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | ၄၃၃၀ | ၂၅၅၀၀ | ၂၂ |
| ၆ | ချင်းပြည်နယ် | | | ၈၄၂ | ၁၇၄၂ | |
| ၇ | ရခိုင်ပြည်နယ် | | | ၁၃၉ | ၉၈၄၂ | ၃၉ |
| ၈ | မန္တလေးတိုင်းဒေသကြီး | ၁ | | ၅၇၃၉ | ၂၆၄၄၈ | ၂၀ |
| ၉ | ကရင်ပြည်နယ် | | | ၆၉၂၀ | ၃၃၀၈၂ | ၄၃ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | | | ၂၈၆ | ၁၀၈၃ | ၅ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ၅ | | ၂၄၇၉ | ၁၁၃၄၃ | ၁၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | | ၁၅၇ | ၈၄၁ | ၁ |
| | စုစုပေါင်း | ၈၂ | ၅၉ | ၄၃၇၅၉ | ၂၀၁၃၃၃ | ၄၀၀ |

• ဘေးသင့်တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုအနက် မွန်ပြည်နယ်သည် ထိခိုက်မှုအများဆုံးဖြစ်ပြီး သေဆုံးသူဦးရေ **၇၃ ဦး**၊ ထိခိုက်ဒဏ်ရာရသူ **၄၈ဦး**ရှိခဲ့ကာ ဘေးသင့်အိမ်ထောင်စု **၉၉၂၇** စုမှ လူဦးရေ **၄၂၃၄၅ ဦး**အား ဘေးကင်းခိုလှုံရာနေရာ **၁၃၆ နေရာ**သို့ ပြောင်းရွှေ့နေရာချထားခဲ့ရပါသည်။ ထူးခြားဖြစ်စဉ်အနေဖြင့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင်းရှိ မလတ်တောင်ပြိုကျမှုသည် အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး လူဦးရေ ၆၉ ဦး သေဆုံး ခဲ့ရကာ ၄၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

## အကျဉ်းချုပ်







• မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဇူလိုင်လနှောင်းပိုင်းတွင် မုတ်သုံသယ်ဆောင်လာသော လေဖိအားနည်းရပ်ဝန်း ၂ ကြိမ်နှင့်အတူပုံမှန် မဟုတ်သော မိုးသည်းထန်ခြင်းများ ခံစားခဲ့ရပါသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဇူလိုင် ၁၀ ရက်နေ့မှစတင်၍ ဧရာဝတီမြစ်၊ ဘီးလင်းမြစ်၊ လေးမြို့မြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက် အနီးတဝိုက်တွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုအခြေအနေဖြစ်နိုင်သည့်အတွက် သတိဖြင့် စောင့်ကြည့်နေထိုင်ကြရန် သတိပေး ထုတ်ပြန်ထားခဲ့ပါသည်။

• ၂၀၁၉ ခုနှစ်၊ ဇူလိုင်လနှောင်းပိုင်းမှစတင်၍ မိုးသည်းထန်မှုများကြောင့်တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုတွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းတို့ကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင်းရှိ မလတ်တောင်ပြိုကျမှုအပါအဝင် ဘေးသင့်ဒေသများတွင် တပ်မတော်၊ မီးသတ်ဦးစီးဌာန၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြပါသည်။

• လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများပေး အပ်ခဲ့ရာ ဩဂုတ်လ ၁၆ရက်နေ့ထိစာရင်းအရ **ကျပ်သန်းပေါင်း ၄၀၄.၆ သန်းတန်ဖိုး**ပေးအပ်ခဲ့ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များမှလည်း ထောက်ပံ့ကူညီမှုများ ပေးအပ်ခဲ့ကြောင်း သိရပါသည်။

• ထို့အပြင် ဒုတိယသမ္မတ-၂ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရေကြီးရေလျှံဘေးနှင့် မြေပြိုဘေးသင့်ဒေသများဖြစ်သော မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့သို့ သွားရောက်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နေသောအဖွဲ့များ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံခဲ့ကာ ထိရောက်သောအရေးပေါ်တုံ့ပြန်ရေးနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှုများ ပေးပြီး ရှာဖွေကယ်ဆယ်ရေးသုံး ဖိုက်ဘာလှေများ၊ အခြားသောလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပါသည်။

## ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း





**ဩဂုတ်လ ၁၃ ရက်** - အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌမှ ဦးဆောင်၍ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

**ဩဂုတ်လ ၁၄ ရက်** - အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌမှ ဦးဆောင်၍ ရေကြီးရေလျှံဘေးနှင့် မြေပြိုဘေးသင့်ဒေသများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

- အဆိုပါညှိနှိုင်းအစည်းအဝေးများမှ ၂၀၁၉ ခုနှစ် ရေကြီးရေလျှံဘေးနှင့် မြေပြိုဘေးသင့်ဒေသများအတွက် ထိရောက်သော အရေးပေါ်တုံ့ပြန်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဩဂုတ်လ ၁၆ရက် နေ့ထိစာရင်းအရ **ကျပ်သန်းပေါင်း ၄၀၄.၆သန်းတန်ဖိုးရှိ** ကယ်ဆယ်ရေးပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများပေးအပ်ခဲ့ပြီး **၂၀၁၉ ခုနှစ်** ရေကြီးရေလျှံဘေးနှင့်မြေပြိုဘေးအတွက် အလှူငွေစုစုပေါင်း **ကျပ် ၁၀၅.၇ သန်း** လက်ခံရရှိထား သည်။




**လက်ရှိအချိန်ထိ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းပြီးဖြစ်ပါသည်။**

အရေးပေါ်ဆက်သွယ်နိုင်ရန် **Hotlines 067 3404666/067 3404777** ကို ပြည်သူများအနေဖြင့် ဘေးဖြစ်ပွားမှုများကို သတင်းပေးပို့နိုင်ရန်အတွက်လည်းကောင်း၊ အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်အကူအညီတောင်းခံနိုင်ရန်အတွက်လည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတွင် ဖွင့်လှစ်ထားပါသည်။